## တိုင်ကြားပုံ နည်းစနစ်အရ ဇာပိုင်ဆောင်ရွက်ရဖို့လဲ

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိရေအခါ အိုင်အယ်လ်အို ဆက်သွယ်ရေး အရာရှိ အနေနန့် တင်ပြထားရေ အချက်အလက်တိကို အကဲခတ်လို့ တစ်ခုလေ့ မပြီးသိခင် တကယ်လို့ အသေးစိတ် အချက်အလက်တိကို ရှင်းလင်းဖို့ လိုအပ်ကေ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိရေ တိုင်ကြားသူနန့် တွီ့ဆုံဖို့အတွက် စီစိုင်ရပါဖို့(သို့မဟုတ်) ဖြစ်နိုင်ဖို့ရှိခကေ တိုင်ကြားမှု ပြုလုပ်တေ ဒေသကိုလားပြီးကေ ဆန်းစစ်မှု ပြုလုပ်ရပါဖို့။

အိုင်အယ်လ်အိုဆက်သွယ်ရေး အရာရှိရေ ယင်းသူလက်ခံရယို့ရေ တိုင်ကြားစွာတိကို စိုင်းစားပြီးကေ ယင်းသူ့ထင်မြင်ချက် (သို့မဟုတ်) အကြံပြုချက်နန့်အတူ အချက်အလက်တိကိုလေသွင့် နိုင်ငံတော် အစိုးရ၏ အိုင်အယ်လ်အိုရေးရာ လုပ်ငန်းအဖွဲ့ကို တင်ပြရပါဖို့။ တိုင်ကြားစွာတစ်ခုကို လက်ခံရယို့ရေအချိန်မှာ လုပ်ငန်းအဖွဲ့ရေ အချက်အလက်တိ အမှန်အကန်ယို/မယို စီစစ်နိုင်ဖို့အတွက် သင့်တင့်ယောက်ပတ်ရေ အရေးယူ ဆောင်ရွက်မှုတိ ပြုလုပ်ပီးကေ အကြံပီးဖို့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပီးကေ စုံစမ်းရဖို့အတွက် ညွှန်ကြားရဖို့ဖြစ်ပါရေ။

## တိုင်းကြားခြင်းဖြင့် မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အစိုးရနှင့် အိုင်အယ်လ်အို နှစ်ဘက်စလုံး၏ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှု ပပျောက်ရေး ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့် လုပ်ငန်းဆောင် ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေးရှု၍ လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် သင်၏တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တနည်းတဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မစေခိုင်းသူအား သူ/သူမ၏ လုပ်ရပ်များအတွက် ထိုက်တန်သော ပြစ်ဒဏ်ပေးပြီး ဖြစ်ကြောင်း ကျေနပ်မှုရစေခြင်း စသည်တို့ကို သင်မျှော်လင့်နိုင်ပါသည်။

## တိုင်ကြားရေအတွက်နန့် ဇာပိုင်ရလဒ်တိ ပေါ်ပေါက်လာနိုင် ပါဖို့လဲ

အစိုးရနန့် အိုင်အယ်လ်အို နှစ်ဘက်စလုံး ရည်ရွယ်ချက်စွာရေ အဓမ္မခိုင်းစွာ လုံးဝပပျောက်ဖို့အတွက် ဖြစ်ပါရေ။ ယင်းတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနန့် လုပ်ငန်းဆောင်ရွက်မှုရေ ယင်းရည်ရွယ်ချက်ကို တစိုက်မတ်မတ် လုပ်လားပါမယ်လို့ ယုံကြည်ပါရေ။ ယင်းအပြင် မင်းတိုင်ကြားမှုရေ မှန်ရေလို့ စနည်းနာလို့ရကေ မင်းအနေနန့် တနည်းတဖုန် တရားမျှတမှုနန့် နောက်တစ်ခါအေပိုင်ထပ်ပြီးကေ မဖြစ်ဗျာယ် ဆိုရေ အသိအမြင် ယို့စေဖို့ (သို့မဟုတ်) အဓမ္မခိုင်းရေလူကို ယင်းသူရို့၏ လုပ်ရပ်တိအတွက် ထိုက်တန်ရေ အပြစ်ဒဏ် ပီးပြီးကေ ကျေနပ်မှုရစီဖို့ မင်းမျှော်လင့်နိုင်ပါရေ။

## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကို ဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်ပါ။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသော ကိစ္စရပ်များတွင် သင်၏စိုးရိမ်မကင်းဖြစ်မှုကို နီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြပါ။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက်မသင့်လျော်ဟု ထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့်စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် သင့်အနေဖြင့် အားရကျေနပ်မှု မရှိပါက စပ်ဆိုင်သော အချက်အလက်၊ အထောက်အထားများဖြင့် သင်၏တိုင်ကြားချက်ကို အောက်ပါအတိုင်း လိပ်မူပေးပို့နိုင်ပါသည်။

## တိုင်ကြားမှုပြုလုပ်ဖို့အတွက် မည်သူ့ကို ဆက်သွယ်ရပါဖို့လဲ

ပဏာမအနီးနန့် ရပ်ကွက်/ကျေးရွာ/မြို့နယ် (သို့မဟုတ်) ခရိုင် အဆင့်ယို့ရေ မင်းရို့ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းတိဖက်မှာ တိုင်ကြားကေ သင့်တော်ဖို့လို့ မင်းအနနန့် ထင်မြင်ယူဆကေ ယင်းပိုင်တိုင်ကြားမှု ပြုလုပ်ရပါဖို့။ အဓမ္မစစ်မှုထမ်းစီခြင်း (သို့မဟုတ်) အသက်မပြည့်သိရေ အချေတိကို စစ်မှုထမ်းစီရေကိစ္စရပ်တိမှာ မင်းရို့စိုးရိမ်ကြောင့်ကြနီစွာတိကို အနီးအနားမှာယို့ရေ တပ်သားသစ် စုဆောင်းရေးစခန်း၊ စစ်အခြေခံ လေ့ကျင့်ရေးကျောင်း (သို့မဟုတ်) အနီးအနားမှာယို့ရေ တပ်စခန်းရို့ကို တင်ပြရပါဖို့။

တကယ်လို့ အထက်မှာပြောခရေ အကြံပြုချက်စွာရေ မင်းအတွက် မသင့်တော်လို့ထင်ကေ (သို့မဟုတ်) ယင်းတိုင်ကြားမှုနန့် ပတ်သက်တေ တုံ့ပြန်ဆောင်ရွက်ပီးစွာမှာ မင်းအနေနန့် အားရကျေနပ်မှု မရှိကေ ယင်းချင့်နန့် သက်ဆိုင်ရေ အချက်အလက်၊ အထောက်အထား တိနန့် မင်းတိုင်ကြားချက်ကို အောက်မှာပီးထားရေ လိပ်စာအတိုင်း ပီးပို့နိုင်ပါရေ -

ဆက်သွယ်ရေးအရာရှိ
အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့
(အိုင်အယ်လ်အို)
အခန်းအမှတ်၊ ၁၂၁၂-၁၂၂၀၊ ၁၂ ထပ်၊
ကုန်သည်ကြီးများဟိုတယ်၊ အမှတ်၊ (၂၂၃)၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၄၂၃၉၃၊ (၀၁) ၂၄၂၈၁၁၊
ဖက်စ် (၀၁) ၂၄၂၅၉၄
အီးမေးလ် - yangon@ilo.org

# အဓမ္မခိုင်းစေမှုပပျောက်ရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် မြန်မာနိုင်ငံတွင် သဘောရိုးဖြင့် နေထိုင်သူများအတွက် အဓမ္မခိုင်းစေခြင်းခံရမှုများနှင့်စပ်လျဉ်း၍ တိုင်ကြားပိုင်ခွင့်ပြုသည့် နောက်ဆက်တွဲ သဘောတူ ညီချက်တစ်ရပ်ကို သဘောတူညီ ထားရှိပါသည်။ ဤတိုင်ကြားပုံ နည်းစနစ်ကို အမှန်တကယ်အဓမ္မခိုင်းစေခြင်းခံရသူများအတွက် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ ၏အကူအညီရယူကာ တန်ပြန်အရေးယူမှု တစ်စုံတစ်ရာ ပြုလုပ်ခံရခြင်းမရှိဟူသော ယုံကြည်ချက်အပြည့်အဝဖြင့် အစိုးရထံမှ တရားသဖြင့် ဖြေရှင်းပေးရေးအတွက် တောင်းဆိုနိုင်သည့်အခွင့်အလမ်းတစ်ခုအဖြစ် စီစဉ်ထားခြင်း ဖြစ်ပါသည်။

## အဓမ္မခိုင်းစွာ ပပျောက်ဖို့

ပြည်တောင်စု သမ္မတ မြန်မာနိုင်ငံတော်နန့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရို့ရေ မြန်မာနိုင်ငံမှာ သဘောထားရရိုးနန့် နီထိုင်ရေလူတိအတွက် အဓမ္မအလုပ်လုပ်ခိုင်းစွာ ခံရစွာတိနန့် ပတ်သက်ပြီးကေ တိုင်ကြားပိုင်ခွင့် ရှိရေ နောက်ဆက်တွဲ သဘောတူညီချက်တစ်ရပ်ကို သဘောတူညီ ထားယို့ပါရေ။ ယင်းတိုင်ကြားပုံ နည်းစနစ်ကို အဂေါ့ဂေါ့ အဓမ္မခိုင်းစွာခံနီရရေလူတိအတွက် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိဖက်က အကူအညီရယူပြီးကေ ပြန်ပြီးကေ အရေးယူဖို့ တစ်ခုလေ့သွင့် ပြုလုပ်ခံရစွာ မရှိရေ ယုံကြည်မှု အပြည့်အဝနန့် အစိုးရဘားက တရားသဖြင့် ဖြေရှင်းပီးဖို့အတွက် တောင်းဆိုနိုင်ရေ အခွင့်အလမ်း တစ်ခုအနေနန့် စီစိုင်ထားစွာ ဖြစ်ရေ။

## အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူ မပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုကြောင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ ခိုင်းစေသော အလုပ်မျိုးကို ခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှု ကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်း တားမြစ်ထားပါသည်။

မြန်မာ - ရခိုင်

## အဓမ္မ အလုပ်လုပ်ခိုင်းရေ ဆိုစွာဇာချင့်လဲ

အဓမ္မအလုပ်လုပ်ခိုင်းရေဆိုစွာ ဇာချင့်လဲဆိုကေ လူတစ်ဦးတစ်ယောက်က အလုပ်တစ်ခုကို ယင်းသူမလုပ်နိုင်ခကေ (သို့မဟုတ်) မလိုက်နာကေ အပြစ်ပီးခံရဖို့လို့ ခြိမ်းခြောက်ရေအတွက်နန့် ယင်းသူ့ ဆန္ဒမပါဘဲ ဥပဒေနန့် ဆန့်ကျင်ပြီးကေ ခိုင်းရေအလုပ်မျိုးကို ခေါ်ပါရေ။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်တိရေ အဓမ္မခိုင်းစေမှု ကျင့်သုံးခြင်းတိနန့် အသက် (၁၈)နှစ်အောက် အချေတိကို တပ်မတော်အတွင်းကို စုဆောင်းနီစွာတိကိုလည်း တားမြစ်ထားပါရေ။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာ ရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေဖြင့် ပဏာမတိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ သင်၏ဒေသခံ အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ တဆင့် တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်)နီးစပ်ရာတပ်သားသစ် စုဆောင်းရေးစခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက(သို့မဟုတ်)မနှစ်သက်ပါက အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိထံ ဆက်သွယ် တိုင်ကြားနိုင်ပါသည်။

ဆက်သွယ်ရေးအရာရှိအား တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ စာပို့၍သော်လည်းကောင်း၊ ၎င်း၏ရုံးသို့သွားရောက်၍သော်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

သင်ဆန္ဒရှိပါက သင်ယုံကြည်ရသော မိတ်ဆွေတစ်ဦး(သို့မဟုတ်)အသိတစ်ဦးအားသင်၏ ရေးသားထားသော တိုင်ကြားစာကို ဆက်သွယ်ရေးအရာရှိထံ သွားရောက်ပေးပို့စေရန် စီစဉ်နိုင်ပါသည်။ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံကို အခြားစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

## ဇာပိုင်တိုင်ကြားရဖို့လဲ

မင်းတိုင်ကြားနိုင်ရေ နည်းလမ်းပေါင်းစုံယှိပါရေ။ တကယ်လို့ အခြေအနေပီးကေ မင်းအနေနန့် အယင်ဆုံးတိုင်ကြာမှုကို ရပ်ကွက်/ကျေးရွာ/မြို့နယ် (သို့မဟုတ်) ခရိုင် အဆင့်ရှိရေ၊ မင်းရို့၏ ဒေသခံ အုပ်ချုပ်ရေး အဖွဲ့အစည်းတိကတဆင့် တိုင်ကြားနိုင်ပါရေ။ (သို့မဟုတ်) အနီးအနားမှာရှိရေ တပ်သားသစ် စုဆောင်းရေးစခန်းတိမှာ စနည်းနာနိုင်ပါရေ။ တကယ်လို့ ယင်းပိုင်ရာမလုပ်ချင်ကေ အိုင်အယ်အို ဆက်သွယ်ရေးအရာရှိဖက်ကို ဆက်သွယ် တိုင်ကြားနိုင်ပါရေ။

ဆက်သွယ်ရေးအရာရှိကို တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ စာပို့၍ဖြစ်ဖြစ်၊ ယင်းအရာရှိရုံးကို လာပြီးကေဖြစ်ဖြစ် ဆက်သွယ်နိုင်ပါရေ။

တကယ်လို့ မင်းဆန္ဒရှိကေ မင်းယုံကြည်အားထားရရေ မိတ်ဆွေတစ်ယောက် (သို့မဟုတ်) အသိတစ်ယောက်ကို မင်းရီးထားရေ တိုင်ကြားစာကို ဆက်သွယ်ရေးအရာရှိကို လားပီးခိုင်းဖို့ စီစိုင် နိုင်ပါရေ။ ဆက်သွယ်ဖို့ လိပ်စာအပြည့်အစုံကို တခြား စာမျက်နှာမှာ ကြည့်နိုင်ပါရေ။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကို အကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့်ဆက်နွယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောက်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို နောက်ဆက်တွဲ သဘောတူညီချက်က အကာအကွယ်ပေးထားပါသည်။ ဆက်သွယ်ရေးအရာရှိသည် နောက်ဆက်တွဲ သဘောတူညီချက်အရ တန်ပြန်အရေးယူခြင်းမရှိသည်ကို မှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ ကိုယ်စားလှယ်(များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ ဆက်သွယ်ခွင့်ရှိပါသည်။

## တိုင်ကြားမှုပြုလုပ်နိုင်ဖို့အတွက် လုံခြုံမှု ရှိနိုင်လာ

တိုင်ကြားစွာကို အကြောင်းပြုပီးကေ တိုင်ကြားသူတိ၊ တိုင်ကြားစွာနန့် အဆက်အသွယ်လုပ်နီရေ လူတိနန့် အဓမ္မအလုပ်လုပ်ခိုင်းခံနီရရေလူတိကို အနှောက်အယှက်ပီးရေ၊ တရားစွဲရေ၊ ပြန်ပီးကေအရေးယူရေ လူတိကို နောက်ဆက်တွဲ သဘောတူညီချက်က အကာအကွယ်ပေးထားပါရေ။ ဆက်သွယ်ရေးအရာရှိ နောက်ဆက်တွဲ သဘောတူညီချက်ကို တန်ပြန်အရေးယူခြင်း မရှိစွာကို မှန်ရေလို့ထင်ကေ အတည်ပြုဖို့အတွက် အဓမ္မအလုပ်လုပ်ခိုင်းခံရရေလူတိ၊ တိုင်ကြားသူ(တိ)၊ ယင်းသူရို့ ကိုယ်စား(တိ) (သို့မဟုတ်) အခြားသက်ဆိုင်ရေပုဂ္ဂိုလ်(တိ)နန့် လလွတ်လလွတ် လျှို့ဝှက်ပီးကေ ဆက်သွယ်ခွင့် ရှိပါရေ။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် သဘောရိုးဖြင့် နေထိုင်သူတစ်ဦးဖြစ်သည့် အောက်ပါ ပုဂ္ဂိုလ် တစ်ဦးဦးမှ တိုင်ကြားနိုင်ပါသည်–

၁။ အဓမ္မစေခိုင်းခံရသူ (သို့မဟုတ်)

၂။ အဓမ္မစေခိုင်းခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)

၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## ဇာသူရို့က တိုင်ကြားနိုင်ပါလေ

မြန်မာနိုင်ငံမှာ သဘောထားရရိုးနန့် နီထိုင်ရေလူတစ်ဦးဖြစ်တေ အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးက တိုင်ကြာနိုင်ပါရေ –

၁။ အဓမ္မစေခိုင်းခံရသူ (သို့မဟုတ်)

၂။ အဓမ္မစေခိုင်းခံရသူနဲ့ အမျိုးတော်ရေလူ (သို့မဟုတ်)

၃။ တခြား သက်ဆိုင်ရေပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှု တစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည် မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင် သင်၏တောင်းဆိုချက်အရ ဆက်သွယ်ရေးအရာရှိက သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာ ဖြစ်နိုင်ပါက အဓမ္မစေခိုင်းသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ(ရှိခဲ့လျှင်)ကို အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိက ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီ ရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားမှုဆိုစွာ လျှို့ဝှက်လုံခြုံမှု ရှိနိုင်ပါလား

တိုင်ကြားမှုတစ်ခုကို လုပ်နီရေအချိန်မှာ မင်းအနေနန့် မင်းရေအသူဆိုစွာကို အသေးစိတ်အတိအကျ ဖော်ပြပီးရပါဖို့။ ယေကေလေ့သွင့် မင်းတောင်းဆိုချက်အရ ဆက်သွယ်ရေးအရာရှိက မင်းရေဇာသူဆိုစွာကို လျှို့ဝှက်ထားနိုင်ပါရေ။ စုံစမ်းစစ်ဆေးမှု အောင်မြင် အဆင်ပြေစီဖို့အတွက် တကယ်လို့ ဖြစ်နိုင်ကေ ကိုယ့်ကို အဓမ္မစေခိုင်းသူရေဇာသူလေဆိုစွာကို ပပွင့်လလင်း ပြောပြသင့်ပါရေ။

ထွက်ဆိုချက်တိနန့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းတိ (ရှိခကေ)ကို အိုင်အယ်အို ဆက်သွယ်ရေးအရာရှိက အတိအကျ စစ်ဆေးလာပြီးကေ လျှို့ဝှက်ထားရှိမှုနန့် ပတ်သက်ရေကြောင့်ကြစိတ်တိ လုံးဝ ပျောက်လီအောင်အထိ တိုင်ကြားချက် မပြုလုပ်ခင် ရှင်းပြလားဖို့ ဖြစ်ပါရေ။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ အိုင်အယ်အိုဆက်သွယ်ရေးအရာရှိ အနေဖြင့် တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ် အချက်အလက်များအား ရှင်းလင်းစေရန် လိုအပ်ပါက အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိသည် တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည်(သို့မဟုတ်)သင့်လျော်ပါက တိုင်ကြားမှု ပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိသည် ၎င်းထံလက်ခံရရှိသော တိုင်ကြားမှုများအား သုံးသပ်၍ ၎င်း၏ထင်မြင်ချက် သို့မဟုတ် အကြံပြုချက်နှင့် တကွ အချက်အလက်များအား နိုင်ငံတော်အစိုးရ၏ အိုင်အယ်လ်အိုရေးရာ လုပ်ငန်းအဖွဲ့ သို့တင်ပြရမည်။ တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ လုပ်ငန်းအဖွဲ့သည် အချက်အလက်များ မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်ရန်နှင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရေးအကြံပေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းမှုပြုလုပ် ရန်ညွှန်ကြားရမည်။